

# ဆောက်လုပ်ရေးလုပ်ငန်းခွင်နေရာများ


## (Construction Sites)


- ဆောက်လုပ်ရေးလုပ်ငန်းများရှိ ပလပ်စတစ်ပုံးများ၊ သံစည်များ စသည်တို့တွင် ရေဝပ်၊ ရေတင် နေနိုင်ပြီး ၎င်းပစ္စည်းများတွင် ရောဂါကူးစက်စေသည့် ခြင်များ အလွယ်တကူ ပေါက်ပွား နိုင်ပါသည်။
- ဆောက်လုပ်ရေးအလုပ်သမားများနှင့် အနီးပတ်ဝန်းကျင်ရှိ ရပ်ရွာ ပြည်သူများ အနေဖြင့် ခြင်ကိုက်ခံရပြီး ခြင်မှတစ်ဆင့် ကူးစက်သောရောဂါများကို ဖြစ်ပွားနိုင်ပါသည်။

ပြဿနာ – ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသော ပစ္စည်းကိရိယာများနှင့် စက်ပစ္စည်းများ တွင် ရေဝပ်၊ ရေတင်နေခြင်း။

ဖြေရှင်းရန် – အောက်ပါတို့မှ တစ်မျိုးကို တစ်ပတ်လျှင် တစ်ကြိမ် လုပ်ဆောင်ပါ။

- ၎င်း အရာဝတ္ထုပစ္စည်းများပေါ်ရှိရေများကို ရှင်းလင်းဖယ်ရှားပြီး ရေတင်သည့် ပစ္စည်းများ၏ မျက်နှာပြင်များကို တိုက်ချွတ်ဆေးကြောပါ။
- ခြင်ပေါက်ပွားခြင်းများ ဆက်ရှိနေလျှင် ခြင်လောက်လမ်းသတ်ဆေး (အဘိတ်) ခတ်ပါ။





ပြဿနာ – ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသောပစ္စည်းများထည့်သည့် ပလပ်စတစ်ပုံးများ၊ သံစည်များတွင် ရေဝပ်၊ ရေတင်နေခြင်းများ။

ဖြေရှင်းရန် – အောက်ပါတို့မှ တစ်ခုခုကို လုပ်ဆောင်ပါ။

- ရေဝင်နိုင်သည့် အရာဝတ္ထုများကို ဖုံးအုပ်ထားပါ။
- မလိုအပ်သော ပစ္စည်းများကို စွန့်ပစ်ပါ။
- ရေဝင်နိုင်သည့်အရာများကို အမိုးအကာအောက်တွင် သိမ်းဆည်းပါ။
- အကယ်၍ ခြင်ပေါက်ပွားခြင်းများဆက်ရှိနေလျှင် ခြင်လောက်လမ်းသတ်ဆေး (အဘိတ်) ခတ်ပါ။
- ပိုးလောက်လမ်းစား ငါးသေးများကို မွေးမြူပါ။

ပြဿနာ – ဓါတ်လှေကား ဆောက်လုပ်ရေး နေရာများ၊ တွင်းများ၊ တာပေါ်လင်များ၊ ယာယီရေနုတ်မြောင်းများ စသည်တို့တွင် ရေတင် / ရေဝပ်ခြင်း။

ဖြေရှင်းရန် –

- တာပေါ်လင်များကို မတွန့်မခေါက်စေဘဲ ချထားပါ။
- အပတ်စဉ် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းစေရန် သန့်ရှင်းပါ။
- အကယ်၍ ခြင်ပေါက်ပွားခြင်းများဆက်ရှိနေလျှင် ခြင်လောက်လမ်းသတ်ဆေး (အဘိတ်) ခတ်ပါ။





ပြဿနာ – အမှိုက်သရိုက်များ၊ စွန့်ပစ်ပစ္စည်းများနှင့် ရေတင်နိုင်သည့် ပစ္စည်းများတွင် ရေတင် / ရေဝပ်ခြင်းများ။

ဖြေရှင်းရန် –

- မလိုအပ်သော ပစ္စည်းများကို စွန့်ပစ်ပါ။
- ၎င်းတို့ကို အမိုးအကာအောက်တွင် ထားပါ။

ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ခြင်များ ပေါက်ပွားခြင်းကို ထိန်းချုပ်ရန် သက်ဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းခွင် တာဝန်ရှိသူများအနေဖြင့် ပြည်သူ့ကျန်းမာရေးဌာနနှင့် တိုင်ပင်ဆွေးနွေးပြီး အကြံ ဉာဏ်များရယူပါ။

World Health Organization
Myanmar

Construction site_new.indd 1
4/7/2021 3:13:47 PM